မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 21 , 2023 | Volume 65, Number 9

၂၁.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၁၉၉၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားများက ကျပ် ၅၂၂၄ ဘီလျံကျော်မြှုပ်နှံထားပြီး စုစုပေါင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၏ ၂၂ ရာခိုင်နှုန်းကျော်ရှိ

၁၉၉၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားများက ကျပ် ၅၂၂၄ ဘီလျံကျော်မြှုပ်နှံထားပြီး စုစုပေါင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၏ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် ကျပ် ၉၃၇၅၉၆ ဒသမ ၂၅၃ သန်းဖြင့် အများဆုံးနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ ကျပ် ၈၄၃၄၅ ဒသမ ၁၀၀ သန်းဖြင့် ဒုတိယအများဆုံးခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုလုပ်ငန်း ၁၇ ခုနှင့် အတည်ပြုလုပ်ငန်း ၄၄ ခု၊ စုစုပေါင်းလုပ်ငန်း ၆၁ ခုကို ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း ကျပ် ၁၁၇၁၈၀၃ ဒသမ ၈၀၉ သန်း ခွင့်ပြုခဲ့သည်။

အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလုပ်ငန်း ၁၇ ခု၊ အတည်ပြုလုပ်ငန်းရှစ်ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများက အတည်ပြုလုပ်ငန်းစုစုပေါင်း ၃၆ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများက ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် ၁၃၆၇၀ ဦးကို ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍ၌ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၉၃၇၅၉၆ ဒသမ ၂၅၃ သန်းဖြင့် အများဆုံးခွင့်ပြုပေးခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၈၄၃၄၅ ဒသမ ၁၀၀ သန်းဖြင့် ဒုတိယအများဆုံး၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၆၈၂၆၉ ဒသမ ၆၃၈ သန်းဖြင့် တတိယအများဆုံးဝင်ရောက်ခဲ့သည်။

ကျန်ကဏ္ဍများအနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်

ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ခုနစ်ကြိမ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၇၄ ကြိမ်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလုပ်ငန်း ၂၂ ခု၊ အတည်ပြုလုပ်ငန်း ၂၆ ခု၊ စုစုပေါင်း ၄၈ ခု ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၃၇၉၁ ဒသမ ၃၉၈ သန်း ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်းလုပ်ငန်းအသစ် ၁၃၀ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၆၆ ဒသမ ၈၇၃ သန်းအပါအဝင် ကျပ် ၁၅၃၅ ဒသမ ၀၇၅ ဘီလျံဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်းအရေအတွက်ပေါင်း ၃၀ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၄၆ ဒသမ ၇၄၅ သန်းအပါအဝင် ကျပ် ၃၄၆ ဒသမ ၃၈၄ ဘီလျံ ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄၁၃ ဒသမ ၆၁၈ သန်းအပါအဝင် ကျပ် ၁၈၈၁ ဒသမ ၄၅၉ ဘီလျံကို လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/247109

## တရုတ်-လာအို ရထားလမ်းက ထိုင်းဒူးရင်းသီးများ တရုတ်နိုင်ငံသို့တင်ပို့မှုကို မြှင့်တင်ပေး




တရုတ်-လာအို ရထားလမ်းမှ တရုတ်နိုင်ငံဈေးကွက်သို့ လျင်မြန်စွာဝင်ရောက်ကြသော ထိုင်းပို့ကုန်ကုန်သည်များ များပြားလာခြင်းနှင့်အတူ ဒူးရင်းသီး၊ မင်းကွတ်သီးများ ပါဝင်သော ကွန်တိန်နာ ၂၃ လုံးတင်ဆောင်လာသည့် “သစ်သီးဝလံတင် ရထား”သည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဧပြီ ၁၉ ရက်က ရောက်ရှိခဲ့သည်။

အဆိုပါရထားသည် ထိုင်းနိုင်ငံ၏ အဓိကဆိပ်ကမ်းဖြစ်သော Laem Chabangမှ ထွက်ခွါပြီး တရုတ်-လာအို ရထားလမ်းကို ဖြတ်သန်းလာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အပင်ပို့ကုန်သွင်းကုန်ဆိုင်ရာပညာရှင်အဖြစ် လုပ်ဆောင်ခဲ့ဖူးသူ အသက် ၆၇ နှစ်အရွယ် Orathai Euatrakoolက ထိုင်းနိုင်ငံ ဒူးရင်းသီးပို့ကုန် တိုးတက်လာမှုကို နှစ်ပေါင်း များစွာ စောင့်ကြည့်လေ့လာခဲ့သည်။ “အရင်က ဒူးရင်းသီး အများအပြားကို ကုန်းလမ်း ဒါမှမဟုတ် ရေကြောင်းလမ်းနဲ့ တရုတ်နိုင်ငံကို ပို့ဆောင်ကြတယ်။ ဒါပေမဲ့ ရာသီဥတု ဆိုးဝါးမှုကြောင့် ဒီလမ်းတွေက ခန့်မှန်းရခက်ပါတယ်။ တစ်ခါတလေ ရက် ၂၀ လောက်ကြာမှ ရောက်တတ်ပါတယ်”ဟု Orathaiက ထွက်ခွာသွားသည့် ရထားကိုကြည့်ရင်းပြောသည်။

လက်ရှိတွင် ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံက တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ခဲ့ပြီးနောက် ၃ ရက် အကြာ၌ ကူမင်းမြို့သို့ ရောက်ရှိနိုင်သည်။ ထိုအခါ ဒူးရင်းသီး အရင့်များကို ပို၍ တင်ပို့နိုင်မည် ဖြစ်သည်။ ဒူးရင်းသီးပို၍ရင့်လေ အရသာပို၍ကောင်းမွန်လေ ဖြစ်သည်။ “တရုတ်-လာအို ရထားလမ်း အအေးကွင်းဆက်ဖြင့် သယ်ယူပို့ဆောင်တဲ့အခါ ပိုပြီး များပြားတဲ့ တရုတ်စားသုံးသူတွေက ထိုင်းနိုင်ငံသားတွေလိုပဲ ပိုပြီးလတ်ဆတ်၊အရသာရှိတဲ့ ထိုင်းဒူးရင်းသီးတွေကို စားသုံးနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု Orathaiက ဆိုသည်။

https://xinhuamyanmar.com/mm-en/ne-2304020004/

## တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍက ကမ္ဘာ့ဈေးကွက်တွင် ဆက်လက်ဦးဆောင်နေ

တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်ကာလတွင် ကမ္ဘာ့ဈေးကွက်၌ ဆက်လက်ဦးဆောင်နေဆဲဖြစ်ကြောင်း၊ ကုန်ပစ္စည်းထွက်ရှိမှုအပြင် အော်ဒါမှာယူမှုအသစ်များနှင့် လက်ခံမှုများအရ အကြီးဆုံး နိုင်ငံတကာဈေးကွက်ဝေစုကိုလည်း ရရှိထားကြောင်း ဧပြီ ၁၉ ရက်ထုတ် တရားဝင်အချက်အလက်များ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်မှုလုပ်ငန်းမှ ကုန်ပစ္စည်းထွက်ရှိမှုသည် အဆိုပါကာလအတွင်း deadweight tonnes (dwt) ပမာဏ ၉.၁၇ သန်းရှိခဲ့ရာ ကမ္ဘာ့စုစုပေါင်း၏ ၄၃.၅ ရာခိုင်နှုန်းရှိကြောင်း စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ အချက်အလက်များအရ သိရသည်။

ထို့ပြင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၏ အဓိကအညွှန်းကိန်းဖြစ်သော အော်ဒါမှာယူမှုအသစ်များကလည်း ယမန်နှစ်ကထက် ၅၃ ရာခိုင်နှုန်း၊ dwt ၁၅.၁၈ သန်း မြင့်တက်ခဲ့ရာ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၆၂.၉ ရာခိုင်နှုန်းရှိခဲ့သည်။

ယင်းကဏ္ဍ၏ မှာယူနေဆဲအော်ဒါများအနေဖြင့်လည်း မတ်လကုန်အထိစုစုပေါင်း dwt ၁၁၄.၅၂ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၅.၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သလို ကမ္ဘာ့ဈေးကွက်ဝေစု၏ ၅၀.၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-23040200013/

## တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော်ရရှိပြီးဖြစ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ရရှိပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ “တနင်္သာရီတိုင်းဒေသကြီးကနေ ပြည်ပကို ရေထွက်ကုန်တိုက်ရိုက်တင်ပို့တဲ့အပြင် ရန်ကုန်မြို့ကနေလည်း တစ်ဆင့် တင်ပို့ပါတယ်။ ပြည်ပတင်ပို့မှုအနေနဲ့ ရေထွက်ကုန်တန်ချိန် ၂၃၀၈၇၈ ဒသမ ၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၃၄၄ သန်း ရရှိပါတယ်” ဟု ၎င်းကပြောသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပသို့ တိုက်ရိုက်တင်ပို့မှုအနေဖြင့် ရေထွက်ကုန်တန်ချိန် ၂၂၇၆၇၁ ဒသမ ၉၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၆၆၈ သန်းရရှိခဲ့ကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပသို့တင်ပို့မှုအနေဖြင့် ရေထွက်ကုန်တန်ချိန် ၃၂၀၆ ဒသမ ၁၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆၇၆ သန်း ရရှိခဲ့ရာ စုစုပေါင်း ရေထွက်ကုန်တန်ချိန် ၂၃၀၈၇၈ ဒသမ ၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၃၄၄ သန်း ရရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်တင်ပို့ရာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်ဧပြီလတွင် ရေထွက်ကုန်တန်ချိန် ၂၂၉၉၂ ဒသမ ၉၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၃၂ သန်း၊ မေလတွင် ရေထွက်ကုန်တန်ချိန် ၂၂၀၆ ဒသမ ၁၉၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅၈ သန်း၊ ဇွန်လ တွင် ရေထွက်ကုန်တန်ချိန် ၉၁၃၅ ဒသမ ၄၆၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၉၁ သန်း၊ ဇူလိုင်လတွင် ရေထွက်ကုန်တန်ချိန် ၁၅၃၉၃ ဒသမ ၈၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃၆၂ သန်း၊ ဩဂုတ်လတွင် ရေထွက်ကုန်တန်ချိန် ၁၈၉၈၅ ဒသမ ၀၀၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၂၈ သန်း ၊ စက်တင်ဘာလတွင် ရေထွက်ကုန်တန်ချိန် ၂၂၃၇၄ ဒသမ ၈၅၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၅၈ သန်း၊ အောက်တိုဘာလတွင် ရေထွက်ကုန်တန်ချိန် ၂၁၉၂၃ ဒသမ ၆၆၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၄၄ သန်း၊ နိုဝင်ဘာလတွင် ရေထွက်ကုန်တန်ချိန် ၂၃၁၀၈ ဒသမ ၅၅၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆၅၆ သန်း၊ ဒီဇင်ဘာလတွင် ရေထွက်ကုန်တန်ချိန် ၁၉၃၂၇ ဒသမ ၀၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆၄ သန်းရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ လတွင် ရေထွက်ကုန်တန်ချိန် ၂၃၈၄၆ ဒသမ ၈၂၆ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၁၂၉ သန်း၊ ဖေဖော်ဝါရီလတွင် ရေထွက်ကုန်တန်ချိန် ၂၂၁၃၁ ဒသမ ၀၁ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၆၉၁ သန်းနှင့် မတ်လတွင် ရေထွက်ကုန်တန်ချိန် ၂၉၄၅၂ ဒသမ ၆၃၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁၅၅ သန်းရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/39524

## စားအုန်းဆီတင်သွင်းမှုအား အခွန်ကင်းလွတ်ခွင့်ပေးခြင်းအပေါ် ပြန်လည်သုံးသပ်ပေးရန် Biz Group မှ ဖိလစ်ပိုင်သမ္မတ Ferdinand R. Marcos Jr. ထံသို့ ဆွေးနွေးတင်ပြ

တိရစ္ဆာန်အစာကျွေးရာတွင်အသုံးပြုသော စားအုန်းဆီတင်သွင်းမှုအား အခွန်ကင်းလွတ်ခွင့်ပေးသည့် မူဝါဒအပေါ် ပြန်လည်သုံးသပ်ပေးရန် ဖိလစ်ပိုင် စက်မှုဖက်ဒရေးရှင်း(FPI)မှ စိုက်ပျိုးရေးဝန်ကြီး တာဝန်ကိုပါယူထားသည့် သမ္မတ Ferdinand R. Marcos Jr; သို့ ပြောကြားခဲ့ပါသည်။

အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလာသော စားအုန်းဆီများကို တိရစ္ဆာန်အစာကျွေးရာတွင် သာမက အခြားနေရာများတွင်ပါ အသုံးပြုလျက်ရှိကြောင်း၊ အဆိုပါ အခွန်ကင်းလွတ်ခွင့် မူဝါဒသည် ပြည်တွင်းအုန်းဆီ(စားသုံးဆီ)နှင့် စားအုန်းဆီ ထုတ်လုပ်သူလုပ်ငန်းရှင်များအား ထိခိုက်နစ်နာစေသည့်အတွက် အဆိုပါမူဝါဒအား စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ပြန်လည်သုံးသပ်စေလိုကြောင်း FPI ဥက္ကဋ္ဌ Jesus Arranza မှပြောကြားခဲ့ပါသည်။

အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလာသော စားအုန်းဆီများအား အမှန်တကယ်အသုံးပြုခြင်းရှိ၊ မရှိကို စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိထိရောက်ရောက် စောင့်ကြည့်စစ်ဆေးသင့်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တင်သွင်းခဲ့သော စားအုန်းဆီပမာဏအား သိရှိလိုပါကြောင်းနှင့် တင်သွင်းမှု အစီရင်ခံစာများလည်း လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

အာဖရိကကြက်/ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုပြီးဆုံးခဲ့ပြီဖြစ်သော်လည်း တိရစ္ဆာန်အစာကျွေးရာတွင် အသုံးပြုသည့် စားအုန်းဆီတင်သွင်းမှုမှာ တိုးမြင့်နေဆဲဖြစ်ကြောင်း၊ အဆိုပါ စားအုန်းဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပေးသည့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဝန်ကြီးဌာန အနေဖြင့်လည်း တင်သွင်းခဲ့သည့် စားအုန်းဆီများအား အမှန်တကယ်အသုံးပြုခြင်းရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးရန်တာဝန်ရှိကြောင်း ထပ်မံပြောကြားခဲ့ပါသည်။

FPI မှ အဆိုပါကိစ္စရပ်အား ထုတ်ဖော်ပြောကြားခဲ့ခြင်းကြောင့် အခွန်ကင်းလွတ်ခွင့်ဖြင့် စားအုန်းဆီ တင်သွင်းမှုမှာ လျော့ကျသွားခဲ့ပြီး ပြည်တွင်း စားအုန်းဆီဈေးနှုန်းမှာ ကျဆင်းခဲ့သော်လည်း အုန်းဆီ (စားသုံးဆီ)ဈေးနှုန်းထက် ပိုမိုမြင့်မားနေဆဲဖြစ်ပါသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့်လည်း သာတူညီမျှ အခွင့်အရေးရရှိလိုပါကြောင်း၊ ယခုကဲ့သို့ ဥပဒေမဲ့ဆောင်ရွက်နေသည်ကို နိုင်ငံတော်သမ္မတအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးစေလိုပါကြောင်း FPI ဥက္ကဋ္ဌ Jesus Arranza မှ ပြောကြားခဲ့ပါသည်။

**Source:** https://www.pna.gov.ph/articles/1199621

**စီးပွားရေးသံမှူး၊ မနီလာ (ဖိလစ်ပိုင်)**

https://myantrade.gov.mm/article/Naypyitawstp_210420231030

## အိန္ဒိယပဲသွင်းသူများ မြန်မာ့ပဲအဝယ်တွေ ဈေးကွက်ထဲ မရောင်းချပဲ သိုလှောင်ထား၊ အိန္ဒိယပြည်တွင်းပဲဈေးနှုန်း အတက်ကြမ်းနေ

မြန်မာနိုင်ငံကနေ ပဲမျိုးစုံတန်ချိန် သိန်းချီ တင်သွင်းသူ အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်တွေက မြန်မာ့ပဲအဝယ်တွေကို ဈေးကွက်ထဲ ပြန်လည်ရောင်းချခြင်းမရှိပဲ လက်ဝယ်သိုလှောင်ထားကြတယ်လို့ အကြီးတန်းအစိုးရအရာရှိနှစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး Mint India က ဖော်ပြပါတယ်။

မတ်ပဲနဲ့ပဲစင်းငုံ တင်သွင်းသူတွေအနေနဲ့ ပြည်တွင်းဈေးကွက်မှာ ပဲမျိုးစုံဈေးနှုန်းတွေ မြင့်တက်နေတဲ့ကြားမှာ အမြတ်အစွန်းတွေ ရယူလိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာ့ပဲတွေကို သိုလှောင်ထားကြတာလို့ ၎င်းတို့ကဆိုပါတယ်။

အိန္ဒိယနိုင်ငံအတွင်း မတ်ပဲနဲ့ ပဲစင်းငုံတွေက မတ်လ သုံးလပတ်အတွင်း ဈေးခုန်တက်သွားခဲ့ပြီး ပြည်တွင်းဈေးကွက်မှာ ပြတ်လပ်မှုတွေကြောင့်လည်း ပဲဈေးနှုန်းတွေ ထပ်မံမြင့်တက်လာနိုင်ချေရှိတယ်လို့ မျှော်လင့်ရပါတယ်။

အိန္ဒိယသွင်းကုန် ကုမ္ပဏီတွေက အမြတ်အစွန်းတွေ ရရှိဖို့ မြန်မာနိုင်ငံကနေ တင်သွင်းခဲ့တဲ့ ပဲစင်းငုံတန်ချိန် တစ်သိန်းခွဲနဲ့ မတ်ပဲတန်ချိန် ၂ သိန်းကို သိမ်းဆည်းထားကြောင်း အစိုးရအရာရှိတစ်ဦးက ပြောပါတယ်။ "မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ အဆင့်မြင့်ကော်မရှင်ထံ စာရေးအကြောင်းကြားထားပြီး ဒီကိစ္စကို ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့ စုံစမ်းစစ်ဆေးကာ

သိုလှောင်မှုမရှိစေဖို့အတွက် ပုံမှန်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်''လို့ ၎င်းကဆိုပါတယ်။ အရောင်းစာရင်း ဖော်ပြခြင်းမရှိတဲ့ တင်သွင်းသူတွေကို တင်းကျပ်စွာအရေးယူဖို့ ပြည်နယ်အစိုးရတွေထံညွှန်ကြားထားပြီး တင်းကျပ်တဲ့ရောင်းလိုအားကြောင့် ပဲစင်းငုံဈေး သိသိသာသာမြင့်တက်နေလို့ စိုးရိမ်စရာပိုများနေတယ်လို့ ဒုတိယအရာရှိကပြောပါတယ်။

အိန္ဒိယအနေနဲ့ ၎င်းရဲ့ပြည်တွင်းစားသုံးမှုကို ဖြည့်တင်းဖို့ သွင်းကုန်တွေအပေါ် မှီခိုနေရပြီး ပဲစင်းငုံကို မြန်မာနဲ့ အာဖရိက နိုင်ငံအချို့မှ တင်သွင်းနေကာ မတ်ပဲကိုတော့ မြန်မာနိုင်ငံနဲ့ UAE နိုင်ငံတို့ကနေ မှာယူလျက်ရှိပါတယ်။

**Source: BETV Business**

## ဆန်နှင့်ဆန်ထွက်ပစ္စည်းများ သတ်မှတ်ထားသည့် စစ်ဆေးချက်ရမှသာ ပြည်ပသို့ ပို့ခွင့်ပြုတော့မည်

ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ကျွမ်းကျင်အဖွဲ့က သတ်မှတ်ထားသည့် အရည်အသွေးနှင့် အလေးချိန်ကိုက်ညီကြောင်း စစ်ဆေးချက်ရရှိပြီးမှသာ ပြည်ပသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ အဆိုပါ စစ်ဆေးချက်အား မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်ကို ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် အလေးချိန်နှင့်အရည်အသွေးစစ်ဆေးမည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားကြောင်း သိရသည်။

၎င်းအဖွဲ့သည် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၏ အလေးချိန်နှင့် အရည်အသွေးကိုက်ညီမှု ရှိ၊ မရှိနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များ ပြည့်စုံစွာဆောင်ရွက်ထားမှုရှိ၊ မရှိတို့ကို စစ်ဆေးမည်ဖြစ်ပြီး သတ်မှတ်ထားသည့် စစ်ဆေးချက်များရရှိပြီးမှသာ ပြည်ပတင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းရှိဆန်၊ စပါးကဏ္ဍမှ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စမ်းသပ်စစ်ဆေးမှုများလုပ်ဆောင်ရာတွင် စစ်ဆေးမှုအလိုက် ဝန်ကြီးဌာနက အတည်ပြုပေးထားသည့် စမ်းသပ် စစ်ဆေးခများကိုဖြစ်စေ၊ ဝန်ဆောင်ခများကိုဖြစ်စေ ကောက်ခံပိုင်ခွင့် ရှိကြောင်းသိရသည်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (21.4.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,141 (Shares) | 29,762,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +100 | +3.33% | 2,950 | 3,100 | 2,950 | 8,180 | 24,603,550 | 38,929,150 | 120,680 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,500 | 1,450 | 2,637 | 3,889,400 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,450 | 2,550 | 2,450 | 110 | 270,500 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 15 | 39,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,800 | 199 | 960,200 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.17 | +2.21 | +0.62% | 357.86 | 361.17 | 357.86 | 11,141 | 29,762,650 | 7 | 636,417 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| 11,141 (Shares) | 29,762,650 (MMK) |

## Main Board

As of 1:00 pm, 21st Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,141 (Shares) | 29,762,650 (MMK) |

| MYANPIX | 361.17 ▲ 2.21 |
|---|---|
| Total Volume (shares) | 11,141 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 636,417 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 100 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |